**<u>သမိုင်းအကျဉ်းချုပ်</u>**

**၂၀၀၄ခုနှစ်** ဧပြီလတွင်စတင်ဖွဲ့စည်းထူထောင်
စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံတွင် ဆေးကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စတင်လုပ်ဆောင်ခြင်း

**၂၀၀၈ခုနှစ်** မေလမှစတင်၍ နာဂစ်မုန်တိုင်းဒဏ်သင့်သောဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်း

ဒီဇင်ဘာလတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် သဘောတူစာချုပ်ချုပ်ဆို၍ မုန်တိုင်းဒဏ်သင့်ကလေး(၅၀)ဦးအား ပညာရေး၊ အခြေခံစားဝတ်နေရေး၊ ကျန်းမာရေးနှင့်စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှုပေးခြင်းကို စတင်ဆောင်ရွက်ခြင်း မြန်မာနိုင်ငံဒေသအသီးသီးမှ အမျိုးသမီးလေးများကို သူနာပြုအဖြစ် ပျိုးထောင်သော လုပ်ငန်းစတင်ခြင်း

၂၀၀၉ခုနှစ် ဧပြီလမှစတင်၍ မျက်မမြင်များဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးမှုလုပ်ငန်းများ အစပျိုး ဆောင်ရွက်ခြင်း

၂၀၁၀ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆေးပညာရပ်ဆိုင်ရာ ကျောင်းသားကျောင်းသူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း လုပ်ငန်းစတင်ခြင်း

မေလတွင် မြန်မာနိုင်ငံမျက်မမြင် ဆေးပညာရပ်ဆိုင်ရာ အကြောပြင်အနှိပ်ဆရာဖြစ်သင်တန်းကျောင်း စတင်ဖွင့်လှစ်ခြင်း

နိုဝင်ဘာလတွင် Dream Train (အိပ်မက်လှရထားလေးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ) ကို မြန်မာနိုင်ငံသားနာယကနှင့် အလုပ်အမှုဆောင်များ၏ ဦးစီးဆောင်ရွက်မှုဖြင့် စတင်ဖွင့်လှစ်ခြင်း

၂၀၁၁ခုနှစ် စက်တင်ဘာလတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ Dream Train ကို ပထအဆင့် ဂေဟာအဖြစ် အသိအမှတ်ပြုခံရခြင်း

၂၀၁၂ခုနှစ် ၂၀၁၁ခုနှစ်နှစ်ကုန်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ မီးဘေးဒုက္ခသည်များအား မျက်နှာသုတ်ပဝါနှင့် အကျီများလှူဒါန်း ပေးအပ်ခြင်း

မေလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့မှ

၂၈ ရက်၊ မေလ၊ ၂၀၁၂ ခုနှစ် မှ ၃၀ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ် အထိသက်တမ်းရှိသည့် "နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ မှတ်ပုံတင်လက်မှတ်" ကို Japan Heart အဖွဲ့သို့ ၂၈ ရက်၊ မေလ၊ ၂၀၁၂ ခုနှစ်တွင် ထုတ်ပေးခဲ့ခြင်း

ဇူလိုင်လတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးခဲ့ခြင်း

၂၀၁၂ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းဝင်းအတွင်း ဂျပန်နိုင်ငံအစိုးရ ထောက်ပံ့ကြေးငွေ ODAဖြင့် အနှိပ်ပညာသင်ကျောင်းဆောင်သစ်ကို စတင်ဆောက်လုပ်ခဲ့ခြင်း

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးမှုများကို စတင်လုပ်ဆောင်ခြင်း

အောက်တိုဘာလတွင် ရန်ကုန်ဆေးရုံကြီးနှင့် စံပြဆေးရုံတို့တွင် အမေရိကန်ဒေါ်လာ (၁၂၀,၀၀၀) တန်ဖိုးရှိ ကျောက်ကပ်ဆေးစက် (၈)လုံးအား လှူဒါန်းခြင်း

ဒီဇင်ဘာလတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးခဲ့ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ ယာယီစာသင်ကျောင်းအတွက် ကျောင်းသုံးစာရေးစားပွဲ ခုံများ ကျပ်သိန်း(၁၀၀)ဖိုး လှူဒါန်းပေးခြင်း

၂၀၁၃ခုနှစ် နိုဝင်ဘာလတွင်ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကိုခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မူလတန်းကျောင်းအား ပြန်လည်ပြုပြင် ဆောက်လုပ်နိုင်ရန် ကူညီပံ့ပိုးခြင်း

မေလနှင့် ဩဂုတ်လများတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ပြည်သူဆေးရုံကြီးတွင် ဒေသခံ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ခြင်း

ဂျပန်နိုင်ငံမှ ကလေးအထူးကုဆရာဝန်ကြီး Dr.Koji AOYAMAသည် ရန်ကုန် ကလေးဆေးရုံကြီး၊ အလုံတွင် (Story of Umbilicus and Cosmetic of Consideration for Pediatric Surgery) နှင့် ပတ်သက်သော ကျန်းမာရေး နှီးနှောဖလှယ်ပွဲပြုလုပ်ခဲ့ခြင်း

ဂျပန်နိုင်ငံမှ ကလေးအထူးကုဆရာဝန်ကြီး Dr.Koji AOYAMA နှင့်အဖွဲ့သည် ရန်ကင်း ကလေးဆေးရုံကြီးတွင် မြန်မာနိုင်ငံမှ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများနှင့် အတူပူးပေါင်း၍ အသက်(၇)နှစ်အရွယ် Hypospadias ဝေဒနာရှင် ကလေးငယ်အား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ခြင်း

ဒီဇင်ဘာလတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သော မောင်ချမ်းမြေ့သူအား ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)တွင် ရူပဗေဒဘာသာရပ် အထူးပြုဖြင့် တက်ရောက် ပညာသင်ကြားနိုင်ရန် ထောက်ပံ့ပေးခြင်းဖြစ်၍ တက္ကသိုလ်အဆင့်ကျောင်းသားအား ပထမဆုံးအကြိမ်စတင်ထောက်ပံ့ခြင်း

၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ကလေးများအတွက် ကျန်းမာရေးထောက်ပံ့မှုများကို တတိယအကြိမ် ပြုလုပ်ပေးခဲ့ခြင်း

ဇန်နဝါရီလတွင် ဂျပန်နိုင်ငံမှ အစာအိမ်မှန်ပြောင်းကြည့် အထူးကု ဆရာဝန်ကြီး Dr. Otsuka OSAMU မှ နေပြည်တော်ကုတင် (၁၀၀၀) ဆန့် ဆေးရုံတွင် အစာအိမ်အူလမ်းကြောင်းနှင့် ပတ်သက်သော တင်ပြချက်များ ပြုလုပ်ခဲ့ခြင်း

ဧပြီလတွင် နာဂစ်မုန်တိုင်းဒဏ်သင့်သောဒေသများရှိ ကလေးများအား ပညာရေးနှင့် ပတ်သတ်သည့် ပြင်ပဗဟုသုတရရှိစေရေးအတွက် နွေရာသီ ကျောင်းပိတ်ရက်များတွင် အခြေခံအင်္ဂလိပ်စာနှင့် အခြေခံကွန်ပြူတာ ရက်တိုသင်တန်းများ သင်ကြားပေးခြင်း

ပညာရေး၌ သင်ကြားမှုအခက်အခဲရှိသော ကလေးတစ်ဦးကို မော်တာအပ်ချုပ် စက်ပြင် သင်တန်းတက်ရောက်စေပြီး လုပ်ငန်းခွင်ဝင်နိုင်စေရန် ကူညီ ပေးလျှက်ရှိ၍ ကွမ်းခြံကုန်းမြို့နယ်တွင် သက်မွေးပညာသင်ကြားမှုကို ပထမဆုံးစတင် ထောက်ပံ့ခြင်း

၂၀၁၄ခုနှစ် မေလတွင် ဂျပန်နိုင်ငံမှ ကလေးအထူးကုဆရာဝန်ကြီး Dr. Koji AOYAMA မှ မန္တလေးတိုင်းဒေသကြီး ကုတင် (၅၅၀) ဆန့် ကလေးဆေးရုံကြီးတွင် (Cosmetics Consideration for the Pediatric Surgical Patients and the Management of the Cloacal Anomalies) နှင့်ဆိုင်သောခေါင်းစဉ်ဖြင့် ကျန်းမာရေးနှီးနှောဖလှယ်ပွဲ ပြုလုပ်ခဲ့ခြင်း

နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့များတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ သခွပ်ချောင်ကျေးရွာသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာ ကုသမှုများကို ဆောင်ရွက်ခဲ့ခြင်း

ဒီဇင်ဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကုတင်(၂၀၀)ဆန့် မုံရွာပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ခဲ့ခြင်း

၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် Japan Heart အဖွဲ့တို့ပူးပေါင်း၍ ဒေသခံ မြစ်ကြီးနားမြို့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကူညီမှုဖြင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့နယ်၊ ခပ်ချိုကျေးရွာသို့သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ခဲ့ခြင်း

ထိုသို့ဆောင်ရွက်ရာတွင်လည်း ၂၀၁၅ခုနှစ် ဇန်နဝါရီလ (၂၇) ရက်မှ (၂၈) ရက်နေ့အထိ (၂) ရက်တာ Mobile သွားရောက်၍ ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုဆောင်ရွက်ခဲ့ရာ ပြင်ပဝေဒနာ လူနာရှင်ပေါင်း (၇၅၉ ) ဦး ကို ကြည့်ရှုကုသပေးမှုပြုခဲ့ခြင်း

မတ်လတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှင့် Japan Heartအဖွဲ့တို့ ပူးပေါင်း၍ ဒေသခံကယားပြည်နယ်၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး

အသင်းတို့ပူးပေါင်း၍ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့တွင် ကုသမှုများကိုဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ မတ်လ(၁၀)ရက်တွင် ဒီးမော့ဆိုမြို့နယ် ဆေးရုံ၌ ပြင်ပဝေဒနာလူနာရှင်ပေါင်း (၂၁၅)ဦးနှင့် မတ်လ(၁၁)ရက်တွင် ဖရူဆိုမြို့နယ်ဆေးရုံ၌ (၁၅၈)ဦး၊ စုစုပေါင်း ပြင်ပဝေဒနာလူနာရှင်ပေါင်း(၃၇၃)ဦးတို့အား ကြည့်ရှုကုသပေးမှုပြုခဲ့ခြင်း

မေလတွင် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အစဉ်လုပ်အားဒါန ပေးလှူလျှက်ရှိနေသော Japan Heart အဖွဲ့နှင့် ဂျပန်နိုင်ငံမှ သူနာပြုများ၊ မြန်မာ သူနာပြုများအတူပူးပေါင်း၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ဆင်ခေါင်း ကျေးရွာအုပ်စု ၊ ဇီးအိုင်ကျေးရွာသို့ (၁၈. ၅.၂၀၁၅ ) မှ (၁၉ . ၅.၂၀၁၅) အထိ (၂)ရက်တာ Mobile သွားရောက်၍ ဒေသခံများအား ကျန်းမာရေးဆိုင်ရာ ကုသစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့ရာတွင် ပြင်ပလူနာဝေဒနာရှင်ပေါင်း (၁၆၀)ဦးကို ကြည့်ရှု ကုသပေးမှုပြုခဲ့ခြင်း

မေလတွင် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အစဉ်လုပ်အားဒါန ပေးလှူလျှက်ရှိနေသော Japan Heart အဖွဲ့နှင့် ဂျပန်နိုင်ငံမှသူနာပြုများ၊ ဝန်ထမ်းများ သည် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဒေသခံလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများ ကို ဆောင်ရွက်ရန်အတွက် (၁၈.၆.၂၀၁၅) ရက်နေ့မှ (၁၉.၆.၂၀၁၅) ရက်နေ့အထိ နှစ်ရက်တာ ခွဲစိတ်ကုသမှုမပါဝင်ပဲ ပြင်ပလူနာများကိုကြည့်ရှုကုသပေးခဲ့ခြင်း

ဇွန်လတွင် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အစဉ်လုပ်အားဒါန ပေးလှူလျှက်ရှိသော Japan Heart အဖွဲ့၏ မြန်မာလူမျိုး ဆရာဝန်နှင့် ဂျပန်နိုင်ငံမှ သူနာပြုများ၊ မြန်မာသူနာပြုများသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင် (၁၈.၆.၂၀၁၅) ရက်မှ (၁၉.၆.၂၀၁၅) ရက်အထိ (၂)ရက်တာ mobile သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်ကုသမှုများကိုဆောင်ရွက်ခဲ့ရာ ပြင်ပလူနာဝေဒနာရှင်ပေါင်း (၂၇၆) ဦးအား ကြည့်ရှုကုသပေးခဲ့ခြင်း

ဇူလိုင်လတွင် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အစဉ်လုပ်အားဒါန ပေးလှူလျှက်ရှိသော Japan Heart အဖွဲ့၏ မြန်မာလူမျိုး ဆရာဝန်နှင့် ဂျပန်နိုင်ငံမှ သူနာပြုများ၊ မြန်မာသူနာပြုများသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ နှင့်ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ပေချောင်းကြီး ကျေးရွာရှိ ကံ့ကော်တစ်ထောင် ဘုန်းကြီးကျောင်းတွင် (၁၃.၇.၂၀၁၅) ရက် မှ (၁၄.၇.၂၀၁၅) ရက်အထိ (၂) ရက်တာ ဒေသခံလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့ရာ ပြင်ပလူနာဝေဒနာရှင်ပေါင်း (၃၂၃)ဦးအား ကြည့်ရှု ကုသပေးခဲ့ခြင်း

ဩဂုတ်လတွင် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် အစဉ်လုပ်အားဒါန ပေးလှူလျှက်ရှိသော Japan Heart အဖွဲ့၏ မြန်မာလူမျိုး ဆရာဝန်နှင့် ဂျပန်နိုင်ငံမှ သူနာပြုများ၊ မြန်မာသူနာပြုများသည် (၃.၈.၂၀၁၅၊ ၄.၈.၂၀၁၅ နှင့် ၅.၈.၂၀၁၅)ရက်များ၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ သက်ကယ်ကျင်းကျေးရွာ၊ ယားတောင်ရွာနှင့် နတ်သျှင် နောင်ကျေးရွာတို့တွင် ရေဘေးသင့်ဒေသခံလူထုအား ဆေးဝါးများ၊ ဓါတ်ဆား ထုပ်များ၊ ဆန်များ၊ ခေါက်ဆွဲခြောက်များနှင့် ရေသန့်ဘူးများကို သွားရောက် လှူဒါန်း ခဲ့ကြပါသည်။

ဩဂုတ်လအတွင်း၌ပင် Japan Heart အဖွဲ့၏ ရန်ကုန်ရုံးချုပ်မှ ဝန်ထမ်းများ သည် (၆.၈.၂၀၁၅၊ ၇.၈.၂၀၁၅ နှင့် ၉.၈.၂၀၁၅) ရက်များ၌ မကွေးတိုင်း ဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွာတန်းရှည်ကျေးရွာ၊ ဇေယျာမြိုင်ကုန်းကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ကန်လှကျေးရွာ၊ ကြည်ကုန်းကျေးရွာ၊ သံကိုင်းကျေးရွာ၊ မြစိမ်းရောင်ကျေးရွာ၊ ပေါက်ကုန်း ကျေးရွာ၊ ကူကြီးကျေးရွာ၊ ကျွဲတိကျေးရွာများတွင်လည်းကောင်း၊ စလင်းမြို့နယ်အတွင်းရှိ ကျောင်းတော် ရာကျေးရွာတို့တွင်လည်းကောင်း ဆေးဝါးများ၊ ဓါတ်ဆားထုပ်များ၊ ဆန်များ၊ ခေါက်ဆွဲခြောက်များနှင့် ရေသန့်ဘူးများကို သွားရောက် လှူဒါန်းခဲ့ကြပါသည်။

ဩဂုတ်လအတွင်း၌ပင် Japan Heart အဖွဲ့၏ ရန်ကုန်ရုံးချုပ်မှ ဝန်ထမ်းများသည် (၈.၈.၂၀၁၅၊ ၉.၈.၂၀၁၅၊ ၁၀.၈.၂၀၁၅ နှင့် ၁၁.၈.၂၀၁၅) ရက်များ၌ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ငွေးတောက်ချောင်း ကျေးရွာတွင် ဆေးဝါးများ၊ ဓါတ်ဆားထုပ်များ၊ ဆန်များ၊ ငါးခြောက်ကြော် ဘူးများ၊ ငါးပိကြော်ဘူးများ၊ ငါးပိထောင်းဘူးများ၊ ငါးသေတ္တာ ဘူးများ၊ အသားစည်သွပ်ဘူးများနှင့် ရေသန့်ဘူးများကို သွားရောက်လှူဒါန်းခဲ့ကြ ပါသည်။

ဩဂုတ်လအတွင်း၌ပင် Japan Heart အဖွဲ့မှ ဌာနေကိုယ်စားလှယ်ဦးဆောင်၍ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများသည် (၂၁.၈.၂၀၁၅ နှင့် ၂၂.၈.၂၀၁၅) ရက်များတွင် ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ ကုသရေးနှင့် ကူညီထောက်ပံ့ မှုများကို ပြုလုပ်နိုင်ရန်အတွက် ကွင်းဆင်းလေ့လာခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ဒေသခံ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အခြေအနေများကိုမေးမြန်းကာ ရွှေညောင်ပင်ကျေးရွာ၊ လင်းတော့ကျကျေးရွာ၊ ရေကျော်ကြီးကျေးရွာ၊ ရေကျော်လေးကျေးရွာ၊ လိမ်ကုန်း ကျေးရွာ၊ ရုံးချောင်းကျေးရွာစသည့် ကျေးရွာများအထိ ရောက်ရှိခဲ့ပြီး ကျေးရွာသူ/ရွာသားများနှင့် တွေ့ဆုံကာလိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် အချက်အလက်များကို စုဆောင်းခဲ့ပါသည်။

ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံမှ ကလေးအထူးကုဆရာဝန်ကြီး Professor Dr. Koji AOYAMA ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတာဒါနသံဃာ့ဆေးရုံတွင် မြန်မာဆရာဝန်များနှင့်ပူပေါင်း၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့မှ ၁၁ ရက်နေ့ အထိ လာရောက်လုပ်အားဒါပြုခဲ့ရာ လူနာဝေဒနာရှင်ပေါင်း (၂၁) ဦးတို့အား အောင်မြင်စွာ ခွဲစိပ်ကုသပေး ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် Japan Heart အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် (၁.၈.၂၀၁၆ မှ ၃၁.၇.၂၀၁၉)အထိ (၃)နှစ် သက်တမ်းတိုး နားလည်မှုစာချွန်လွှာ(MOU) တစ်ရပ်ကို ထပ်မံ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကွန်းခြံကုန်းမြို့နယ်ရှိ နာဂစ်မုန်တိုင်းသင့် မိသားစုများမှ ကလေး(၃၆)ဦးအား လစဉ်ကျောင်းပညာသင်စရိတ်များနှင့်အတူ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ၊ ကျန်းမာရေးစရိတ်များ၊ အခြေခံစားဝတ်နေရေးအတွက် ဆန်၊ ဆီပေးဝေမှုများ ဆက်လက်ထောက်ပံ့ပေးခဲ့ပါသည်။ ကလေးများအား နွေရာသီ ကျောင်းပိတ်ရက်များတွင် လေ့လာရေးခရီးစေလွှတ်ခြင်း၊ computer နှင့် အင်္ဂလိပ်စာ သင်တန်းများ ပို့ချခြင်းများပြုလုပ်ခဲ့ပါသည်။ ကလေးများ၏မိဘ၊ အုပ်ထိမ်းသူများနှင့် တွေ့ဆုံပြီး ကျန်းမာရေး၊ လူမှုရေး၊ ပညာပေးခြင်းများ၊ ကလေးများအား အာဟာရဖွံ့ဖြိုး တိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်ရှိ အိပ်မက်လှရထားလေး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင်လည်း ကလေး(၁၈၇)ဦးအား စောင့်ရှောက်ထားလျက်ရှိရာ နေ့စဉ် စားဝတ်နေရေး၊ ကျောင်းပညာသင်စရိတ်များထောက်ပံ့ပေးခြင်း၊ ထိုဂေဟာတွင်နေထိုင်သော ကလေးများ၏ ကျောင်းစာပြင်ပ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်းနှင့် အင်္ဂလိပ်စာ နှင့်ဂျပန်စာသင်ကြားပေးခြင်း၊ ကလေးများ၏ကျန်းမာရေးအား စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ကလေးများအား ပြင်ပဗဟုသုတများရစေရန် လေ့လာရေးခရီးများ စေလွှတ်ခြင်းကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။ ဂေဟာတွင်စာကြည့် တိုက်နှင့် computer သင်ကြားနိုင်ရန်အတွက် နှစ်ထပ်ဆောင်တိုက်တစ်လုံးအား ဆောက်လုပ်ခဲ့ပါသည်။ ထို့အတူ ခြံစီးရိုးများပြုပြင်ကာရံခြင်းနှင့် အခြားလိုအပ်သည်များ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ ပါသည်။ထို့အပြင် ကျိုင်းတုံမြို့နယ်တွင်းရှိ ရွာများမှ ဂေဟာတွင် ကြည့်ရှုစောင့်ရှောက် ထားသော ကလေးများ၏မိဘ၊ အုပ်ထိန်းသူများထံ သွားရောက်၍ ကလေးများ၏ အခြေအနေများ ပြောပြခြင်းများပြုလုပ်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းဝန်းတွင် တည်ဆောက်လှူဒါန်းထားသော နှစ်ထပ်ကျောင်းဆောင်ကြီးတွင် မျက်မမြင်များအလုပ်အကိုင်ရရှိပြီး မိမိခြေထောက်ပေါ် မိမိဘာသာရပ်တည်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားသော အကြောပြင်အနှိပ်ပညာသင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ ၂၀၁၆ခုနှစ် ဇွန်လမှ ၂၀၁၇ခုနှစ် မေလအထိတစ်နှစ်တာသင်တန်းဖြစ်ပြီး သင်တန်းသားဦးရေမှာ(၉)ဦးဖြစ်ပါသည်။ ထိုသင်တန်းသားများ၏ သင်ထောက်ကူပြုစာရေးကိရိယာများ၊ စားစရိတ်များ၊ သင်တန်းဆရာ၊ ဆရာမများအား လစာပေးခြင်းစသည်များ ပံ့ပိုးပေးခဲ့ပါသည်၊ ဂျပန်နိုင်ငံမှ ကြောပြင်အနှိပ်ပညာရှင်များအား ဖိတ်ကြားပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် National Seminar များကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလတွင် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ပညာသင်ကျောင်းတို့တွင်၎င်း၊ ၂၀၁၆ခုနှစ် ဩဂုတ်လများတွင် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင်၎င်း တစ်နှစ်လျှင်(၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၆ခုနှစ် မေလနှင့်စက်တင်ဘာလများတွင် ရန်ကင်းကလေးဆေးရုံကြီးတွင် ဂျပန်နိုင်ငံမှ နှလုံးခွဲစိတ် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကလေးနှလုံး ဝေဒနာရှင်များအား လာရောက်ခွဲစိတ်ကုသပေးခဲ့ပါသည်။

၂၀၁၆ခုနှစ် ဇူလိုင်လနှင့်ဒီဇင်ဘာလတို့တွင် ဂျပန်နိုင်ငံမှ ကလေးအထူးကု ဆရာဝန်ကြီး Professor Dr. Koji AOYAMA ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် မြန်မာဆရာဝန်များ နှင့်ပူပေါင်း၍ ကလေးလူနာဝေဒနာရှင်ပေါင်း (၁၈) ဦးတို့အား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။ ထို့အတူ မန္တလေးကုတင် (၅၅၀)ဆန့် ကလေးဆေးရုံကြီးတွင်လည်း Hypospadias ဝေဒနာရှင်ကလေးငယ်အား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။

ဂျပန်နိုင်ငံ၊ Kyushu University ဆေးရုံကြီးမှ ဥက္ကဌဖြစ်သူ Professor Dr. Taguchi ဦးဆောင်သောအဖွဲ့သည် (Hepatobiliary surgery) အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုသမှုနှင့် အခြားရောဂါခွဲစိတ်ကုသမှုများကို ရန်ကုန်ကလေးဆေးရုံကြီးတွင် မြန်မာခွဲစိတ်ဆရာဝန်ကြီးများနှင့်အတူ Joint Operation အနေဖြင့် ၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ် လာရောက်ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ပါသည်။

၂၀၁၆ခုနှစ် နိုဝင်ဘာလတွင် မိခင်လောင်းများဘေးကင်းစွာ မီးဖွားနိုင်ရေးအတွက် သန္ဓေသားစမ်းသပ်စက် Dopplerစက်(၂၃)လုံးအား Rotary Club နှင့်အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ကူညီဆောင်ရွက်မှုဖြင့် ကချင်ပြည်နယ်၊ မြို့နယ်အသီးသီးရှိ သားဖွားဆေးပေးခန်းများသို့ လှူဒါန်းခဲ့ပါသည်။

ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Hideto YOSHIOKA သည် ကလေးခွဲစိတ် ကုသမှုများကို စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတာဒါန သံဃာ့ဆေးရုံတွင် လစဉ်လုပ်အားဒါနပြုခဲ့ပါသည်။

၂၀၁၇ခုနှစ် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သောကလေးများ၊ မျက်မမြင်မသန်စွမ်းသူများနှင့် လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများမှ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်ပံ့ပိုးပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေးပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပံ့ပိုးပေးခြင်း၊ ရပ်ရွာခြေခံအဆောက်အဦးများ ပြုပြင်ဆောက်လုပ်ခြင်းများကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်လက်လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။

Japan Heart အဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ၂၀၁၇ခုနှစ် ဇူလိုင်လ (၁၈)ရက်နေ့တွင် (၃)နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာအား ဒုတိယအကြိမ်လက်မှတ်ရေးထိုးခဲ့ပါသည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံမှ နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ရန်ကင်းကလေးဆေးရုံကြီးတွင် ကလေးနှလုံးဝေဒနာရှင်များအား လာရောက်ခွဲစိတ်ကုသပေးခဲ့ပါသည်။

၂၀၁၇ခုနှစ်၊ မတ်လတွင် ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Hideto YOSHIOKA နှင့် ဆရာဝန်(၅)ဦးတို့သည် သံဖြူဇရပ်ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာကြည့်ရှုခြင်းနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် ကလေးလူနာများအား ခွဲစိတ်ကုသခြင်းများပြုလုပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မေလတွင် ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကင်းကလေး ဆေးရုံကြီးများတွင် တက်ရောက်ကုသမှုခံယူနေသော ကလေးငယ်များအား စိတ်ခွန်အားများပေးရန် ဂျပန်နိုင်ငံမှ ဂျပန်ရိုးရာအကအဖွဲ့မှ ဖျော်ဖြေတင်ဆက်မှုများကို ပြုလုပ်ခဲ့ပါသည်။

၂၀၁၇ခုနှစ် ဇူလိုင်လနှင့် ဒီဇင်ဘာလတို့တွင် Professor Dr. Koji Aoyama နှင့်အဖွဲ့သည် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတာဒါနသံဃာ့ဆေးရုံတွင် မြန်မာဆရာဝန်များနှင့်ပူပေါင်း၍ ကလေးလူနာဝေဒနာရှင်များအား အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပါသည်။ ထို့အပြင် ခုတင် (၅၅၀) ဆံ့ မန္တလေးကလေးဆေးရုံကြီးတွင်လည်း ခွဲစိတ်ကုသပေးခဲ့ပါသည်။

၂၀၁၇ခုနှစ် ဩဂုတ်လတွင် Japan Heart အဖွဲ့မှ မြန်မာဆရာဝန်များမှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရေဝေကျေးလက် ကျန်းမာရေးဌာနခွဲတွင် ဒေသခံတို့အား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ပြင်ပလူနာများ(OPD) ကြည့်ရှုကုသပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ခုနှစ် စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၊ Kyushu University ဆေးရုံကြီးမှ ဥက္ကဋ္ဌဖြစ်သူ Professor Dr. Tomoaki Taguchi နှင့် ဆရာဝန် (၄) ဦးတို့သည် ရန်ကုန်ကလေးဆေးရုံကြီးတွင် Hepatobiliary surgery အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုများပြုလုပ်ခဲ့ပါသည်။ ထို့အတူ အောက်တိုဘာလတွင်လည်း Professor Dr. Hiroomi Okuyama နှင့် ဆရာဝန် (၂) ဦးတို့သည် ရန်ကုန်ကလေးဆေးရုံကြီးတွင် Pediatric Laparoscopy ခွဲစိတ်ကုသခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် Professor Dr. Motomu Maeda နှင့် ဆရာဝန်ကြီး (၈) ဦးတို့သည် မကွေးပြ ည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာများအား ခွဲစိတ်ကုသပေးခဲ့ပါသည်။

၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် မိခင်လောင်းများ ဘေးကင်းစွာမီးဖွားနိုင်ရေး အတွက် သန္ဓေသားစမ်းသပ်စက် Doppler စက်(၁၀)လုံးအား ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်တွင်းရှိ သားဖွားဆေးပေးခန်းများသို့ လှူဒါန်းခဲ့ပါသည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် Dr. Kazuya Shirasu သည် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် ပြင်ပလူနာကြည့်ရှုခြင်းဖြင့် လုပ်အားဒါနပေးလှူခဲ့ပါသည်။ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Hideto YOSHIOKAသည် ကလေးခွဲစိတ်ကုသမှုများကို ထိုဆေးရုံတွင် လစဉ်လုပ်အားဒါနပြုခဲ့ပါသည်။

ထို့အပြင် အသည်းအစားထိုးကုသမှုလုပ်ငန်းစဉ်အတွက် ရှေ့ပြေးအနေဖြင့် ဂျပန်နိုင်ငံ Kyushu University Hospital သို့ (၁၃-၃-၂၀၁၇)ရက်နေ့မှ (၁၈-၃-၂၀၁၇)ရက်နေ့အထိဝင်း၊ (၂၉-၁၀-၂၀၁၇)ရက်နေ့မှ (၃-၁၁-၂၀၁၇)ရက်နေ့ အထိဝင်း၊ ရန်ကုန် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်တစ်ကွပါမေကွ္ခများ၊ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအား လေ့လာရေး ခရီးစဉ်များဖိတ်ကြားခဲ့ပါသည်။

## အသည်းအစားထိုးကုသခြင်း

မောင်ဥက္ကာကျော် (၃)နှစ်၊ အလှူရှင် ဦးလင်းထင် (ဖခင်)

ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့၏ လမ်းညွှန်ခွင့်ပြုချက်တို့ဖြင့် ဂျပန်နိုင်ငံ၊ Kyushu မြို့၊ Kyushu University ဆေးရုံကြီးတွင် Professor Dr. Taguchi ဦးဆောင်သောအဖွဲ့မှ ၂၀၁၈ခုနှစ် မတ်လ(၂၀)ရက်နေ့တွင် အောင်မြင်စွာ အသည်းအစားထိုးကုသနိုင်ခဲ့ပါသည်။ ထိုသို့ခွဲစိတ်နိုင်ရန် ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ ကလေးခွဲစိတ်အထူးကုများ၊ ကလေးအထူးကုများ၊ မေ့ဆေး ဆရာဝန်ကြီး၊ Instruments Nurse (ICU), Pathologist, Radiologist ဆရာဝန်ကြီးများ၊ ရန်ကုန်ဆေးရုံကြီးနှင့် ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးမှလူကြီးခွဲစိတ်အထူးကုနှင့် နှလုံးပွန်ဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများအားလုံး အဖွဲ့လိုက် ဂျပန်နိုင်ငံသို့ လိုက်ပါသွားခဲ့ကြပါသည်။ ယခုအခါ မောင်ဥက္ကာကျော်အား မိခင်ဖြစ်သူနှင့်အတူ Kyushu University ဆေးရုံကြီးတွင် ဆက်လက်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်နေ့နှင့် (၁၆) ရက်နေ့များတွင် Dr. Tomoaki Taguchi နှင့် ဆရာဝန် (၃) ဦးတို့သည် ရန်ကုန်ကလေးဆေးရုံကြီးတွင် Hepatobiliary surgery အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ပါသည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့မှ (၂၈) ရက်နေ့အထိ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးတွင် Dr. Kishi Naoko နှင့်အဖွဲ့မှ နှုတ်ခမ်းကွဲ၊ အာခေါင်ခွဲ လူနာများအား ခွဲစိတ်ကုသခဲ့ပါသည်။

၂၀၁၈ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် Dr. Kentaro Ishida မှ တောင်ကြီးမြို့နယ်ရှိ သားဖွားဆရာမ (၁၀) ဦးတို့အား Doppler စက်အသုံးပြုပုံနှင့် အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင်ကျင်းပခဲ့ပါသည်။

၂၀၁၈ခုနှစ် မေလ (၂၁) ရက်နေ့မှ (၂၄) ရက်နေ့အထိ Japan Heart အဖွဲ့မှ မြန်မာဆရာဝန်များမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ရှိ အလယ်တောရွာ တိုက်နယ်ဆေးရုံမှဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူပူးပေါင်း၍ သခွတ်ချောင်ရွာတွင် ဒေသခံတို့အား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ပြင်ပလူနာများ (OPD) ကြည့်ရှုကုသပေးခြင်းကို ပြုလုပ်ခဲ့ပါသည်။

Kyushu University မှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Professor Dr. Tomoaki Taguchi, Dr. Koichiro Yoshimaru, Dr. Tetsuhiro Fujiyoshi နှင့် Dr. Jun Kono တို့သည် Hepatobiliary surgery, အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုများကို မန္တလေးကုတင် (၅၅၀) ဆံ့ကလေးဆေးရုံကြီးတွင် (၂၇-၈-၂၀၁၈) ရက်နေ့မှ (၂၉-၈-၂၀၁၈)

ရက်နေ့အထိဝင်း၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် (၃၀-၈-၂၀၁၈) ရက်နေ့မှ (၃၁-၈-၂၀၁၈) ရက်နေ့အထိဝင်း၊ မြန်မာဆရာဝန်ကြီးများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ဂျပန်နိုင်ငံမှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Professor Dr. Mikihiko KOGO, Dr. Naoko KISHI နှင့် Dr. Tetsuya SEIKAI တို့သည် (၃-၉-၂၀၁၈) ရက်နေ့မှ (၇-၉-၂၀၁၈) ရက်နေ့အထိ (၅) ရက်တာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအားခွဲစိတ်ကုသခြင်း၊ ဝန်ထမ်းငယ်များအားစာတွေ့လက်တွေ့သင်ကြားပေးခြင်းတို့ကို နေပြည်တော်၊ ကုတင် (၃၀၀) ဆန့် ပြည်သူ့ဆေးရုံကြီး (အငြိမ်းစားနိုင်ငံဝန်များဆေးရုံ)တွင် မြန်မာဆရာဝန်ကြီး များနှင့် အတူပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

Akemichan Foundation မှစီစဉ်မှုဖြင့် ဂျပန်နိုင်ငံမှကလေးနှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီး များအား ဖိတ်ကြားပြီး ရန်ကင်းကလေးဆေးရုံကြီးတွင် ကလေးလူနာများအား နှလုံးခွဲစိတ် ကုသမှုများအား နှစ်စဉ် (၂) ကြိမ်ပြုလုပ်ပေးလျက်ရှိပါသည်။ ယခုအခါ (၁၇-၉-၂၀၁၈) ရက်နေ့မှ (၂၁-၉-၂၀၁၈) ရက်နေ့အထိ ကလေးနှလုံးဝေဒနာရှင်များအား ခွဲစိတ်ကုသမှုများကို မြန်မာဆရာဝန်ကြီးများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။

Kyushu University မှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Koichiro Yoshimaru သည် ရန်ကုန်ကလေးဆေးရုံကြီးမှ မြန်မာဆရာဝန်ကြီးများနှင့်အတူပူးပေါင်း ဆောင်ရွက်မည့် အသည်းအစားထိုးကုသမှု (Liver transplant) လုပ်ငန်းစဉ်အတွက် ရှေ့ပြေးအနေဖြင့် လိုအပ်သော ခွဲခန်းသုံးပစ္စည်းများအား ကူညီစိစစ်ပေးနိုင်ရန်နှင့် အသည်းအစားထိုး ကုသမည့်လူနာများအား စိစစ်ရွေးချယ်ရန်အတွက် ရောက်ရှိလာပါမည်။ ရန်ကုန်ကလေး ဆေးရုံကြီးတွင် (၈-၁၀-၂၀၁၈) ရက်နေ့မှ (၁၂-၁၀-၂၀၁၈) ရက်နေ့အထိ (၅) ရက်တာ လာရောက်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လ (၂၀) ရက်နေ့ မှ (၂၁) ထိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် ဂျပန်နိုင်ငံ မှ Professor Dr.Akihiro Ogata နှင့် Ms. Tomoko Yoshida တို့မှ အခြေခံ လည်ပင်း/ပခုံးနှင့် ဒူးနာကုထုံးများအား အဓိကထား၍ အနှိပ်ကုထုံးများအား လက်တွေ့ သင်ကြားပို့ချခဲ့ပါသည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့ မှ (၇)ရက်နေ့ အထိ ဂျပန်နိုင်ငံမှ ခွဲစိတ်အထူးကု သွားဆရာဝန်ကြီးများဖြစ်သည့် Dr.Mikihiko KOGO, Dr. Naoko KISHI, Dr. Tetsuya SEIKAI နှင့် ကျန်းမာရေးအားကစားဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် ပူးပေါင်း၍ ဝန်ထမ်းငယ်များအား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသခြင်း၊ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

၂၀၁၈ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့မှ နိုဝင်ဘာလ (၂)ရက်နေ့အထိ ဂျပန်နိုင်ငံမှ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများအားဖြစ်သည့် Professor Dr. Motomu MAEDA ဦးဆောင်သည့် အဖွဲ့နှင့် မကွေးပြည်သူ့ဆေးရုံကြီးရှိ မြန်မာဆရာဝန်ကြီးများနှင့်အတူ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုများကို Joint Operation အနေဖြင့် (၅) ရက်တာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၁၁) ရက်နေ့ မှ (၁၅) ရက်နေ့ထိ စစ်ကိုင်းမြို့ ကုတင် (၂၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး တွင် ဂျပန်နိုင်ငံမှ အရိုးခွဲစိတ် အထူးကုဆရာဝန်ကြီး Dr.Keiryo NAKAHARA အဖွဲ့နှင့် စစ်ကိုင်းပြည်သူ့ဆေးရုံကြီးရှိ မြန်မာဆရာဝန်ကြီး များနှင့်အတူ အရိုးခွဲစိတ်ကုသမှုများကို Joint Operation အနေဖြင့် ပူးပေါင်းဆောင်ရွက် ခဲ့ကြပါသည်။

၂၀၁၉ ခုနှစ် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့မှ (၁၁) ရက်နေ့အထိ Kyushu University မှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Professor Dr. Tomoaki Taguchi နှင့် Dr. Koichiro Yoshimaru တို့သည် ရန်ကုန်ကလေးဆေးရုံကြီး မှ မြန်မာဆရာဝန် ကြီးများနှင့် အတူပူးပေါင်း၍ Hepatobiliary surgery, အသည်းနှင့် သည်းခြေလမ်း ကြောင်းဆိုင်ရာ ခွဲစိတ်ကုသခြင်းနှင့် မကြာမီပြုလုပ်မည့် အသည်းအစားထိုးကုသခြင်းနှင့် သက်ဆိုင်သော အစည်းအဝေးကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့ မှ (၆) ရက်နေ့ အထိ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံတွင် ဂျပန်နိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ် အထူးကုဆရာဝန် Dr. Kazuhiro Omura နှင့်အဖွဲ့သည် ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ မြန်မာဆရာဝန်ကြီးများ နှင့်အတူပူးပေါင်း၍ ပထမအကြိမ် Joint Operation အနေဖြင့် (၃) ရက်တာ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လတွင် Kyushu University မှ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး Professor Dr. Tomoaki Taguchi နှင့် ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ လူကြီးခွဲစိတ် အထူးကုဆရာဝန်ကြီများနှင့် မေ့ဆေးဆရာဝန်ကြီးများပါဝင်သော အဖွဲ့ဝင် (၈)ဦးတို့သည် ရန်ကုန်ကလေးဆေးရုံကြီးနှင့် ရန်ကုန်ဆေးရုံကြီးတို့မှ မြန်မာဆရာဝန်ကြီး များနှင့်အတူ ပူးပေါင်း၍ အသည်းဝေဒနာရှင် မောင်ညီညီမင်း အသက် (၅နှစ်)အား ဖခင်၏ အသည်းဖြင့်အစားထိုးကုသမှုအား (၁၇-၃-၂၀၁၉) ရက်နေ့တွင် အောင်မြင်စွာ အစားထိုး ကုသနိုင်ခဲ့ပါသည်။ ထို့အတူ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အတူတာဝန်ရှိပုဂ္ဂိုလ်များမှလည်း ရန်ကုန် ကလေးဆေးရုံကြီးသို့ လာရောက်၍ ခွဲစိတ်ကုသမှုအားကြည့်ရှု့အားပေးခဲ့ပါသည်။ ထို့အတူ (၁၈-၃-

၂၀၁၉)ရက်နေ့တွင်လည်း ကလေးငယ်အသည်းဝေဒနာရှင်တစ်ဦးအား အောင်မြင် စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ဇွန်လတွင် Professor Dr. Koji AOYAMA (အထွေထွေကလေးအထူးကုခွဲစိတ်ဆရာဝန်ကြီး) ၊ Dr. Shintaro HASHIMOTO (ကလေးခွဲစိတ်အထူးကုဆရာဝန်) ၊ Dr. Kohsuke HITOMI (ကလေးခွဲစိတ်အထူးကုဆရာဝန်) ၊ Dr. Hiroki TSUCHIYA (ကလေးခွဲစိတ်အထူးကု)ဆရာဝန်ကြီးများနှင့် မေ့ဆေးဆရာဝန်များအဖွဲ့သည် ဝါးချက်ဇီဝိတဒါနသံဃာဆေးရုံတွင် (၁၆) ကြိမ်မြောက်ကုသမှုအား ( ၉-၆-၂၀၁၉ ) ရက်နေ့မှ ( ၁၅-၆-၂၀၁၉ ) ရက်နေ့ အထိငှင်း၊ ခုတင် (၅၅၀)ဆံ့ မန္တလေးကလေးဆေးရုံကြီး တွင်လည်း ( ၁၂-၆-၂၀၁၉ ) ရက်နေ့တွင်ငှင်း၊ မြန်မာဆရာဝန်ကြီးများ နှင့်အတူပူးပေါင်း၍ ဆေးကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ ဇွန်လတွင် ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ကြီး Professor Dr. Mikihiko Kogo (Oral and Maxillofacial Surgeon) ၊ Dr. Naoko Kishi (Oral and Maxillofacial Surgeon) ၊ Dr. Yusuke Yokota (Oral and Maxillofacial Surgeon) တို့သည် မြိတ်မြို့ပြည်သူ့ဆေးရုံကြီးတွင် (၁၇-၆-၂၀၁၉) ရက်နေ့မှ (၂၀-၆-၂၀၁၉) ရက်နေ့အထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ ဇွန်လတွင် Kyushu University ၏ ဥက္ကဋ္ဌဖြစ်သူ Professor Dr. Tomoaki Taguchi (ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး)၊ Dr. Toshiharu Matsuura (ကလေးခွဲစိတ်အထူးကုဆရာဝန်)၊ Dr. Koichiro Yoshimaru (ကလေးခွဲစိတ်အထူးကုဆရာဝန်)၊ Dr. Yoshiaki Takahashi(ကလေးခွဲစိတ်အထူးကုဆရာဝန်)၊ Dr.Tetsuhiro Fujiyoshi (မေ့ဆေးဆရာဝန်) တို့သည် ခုတင်(၅၅၀)ဆံ့ မန္တလေးကလေးဆေးရုံကြီးတွင် ( ၂၄-၆-၂၀၁၉ ) ရက်နေ့မှ ( ၂၆-၆-၂၀၁၉ ) ရက်နေ့အထိငှင်း၊ ရန်ကုန်ကလေး ဆေးရုံကြီးတွင် ( ၂၇-၆-၂၀၁၉ ) ရက်နေ့မှ ( ၂၈-၆-၂၀၁၉ ) ရက်နေ့အထိငှင်း၊ Hepatobiliary surgery, အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသခြင်းများကို မြန်မာဆရာဝန်ကြီးများနှင့်အတူပူးပေါင်း၍ ဆေးကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ စက်တင်ဘာလတွင် Japan Heart အဖွဲ့၏ စီမံကိန်းအသစ်တစ်ခုဖြစ်သော "Human Resources Development Project for Cleft Lip and Palate Center of Myanmar" အနေဖြင့် ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ်အထူးကုဆရာဝန်ကြီး Prof. Dr. Mikihiko KOGO နှင့် အဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ရှိ တိုင်းနှင့်ပြည်နယ်မှ သင်တန်းသူ/သား သွားဘက်ဆိုင်ရာဆရာဝန်များအား ၂၀၁၉ခုနှစ်၊

စက်တင်ဘာလ (၂) ရက်နေ့ မှ (၃) ရက်နေ့အထိ စာတွေ့လက်တွေ့သင်ကြားပေးခြင်း၊ စက်တင်ဘာလ (၄) ရက်နေ့ မှ (၆) ရက်နေ့ အထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ (၅) ဦး အား လက်တွေ့ခွဲစိတ်ကုသခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် Kyushu University မှ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး Professor Dr. Tomoaki Taguchi နှင့် ကလေး ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ လူကြီးခွဲစိတ် အထူးကုဆရာဝန်ကြီးများနှင့် မေ့ဆေး ဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့ဝင်(၈)ဦးတို့သည် ရန်ကုန်ဆေးရုံကြီးတွင် မြန်မာ ဆရာဝန်ကြီးများနှင့် အတူပူးပေါင်း၍ အသည်းဝေဒနာရှင် မောင်ဘုန်းမြင့်မြတ် အသက် (၁နှစ်၄လ)နှင့် မောင်ထက်မြတ်ပိုင် အသက်(၁နှစ်၆လ) တို့ကို အသည်းအစားထိုးကုသ မှုအား (၂၆-၉-၂၀၁၉)ရက်နေ့ မှ (၄.၁၀.၂၀၁၉)ရက်နေ့ အထိ အောင်မြင်စွာ အစားထိုး ကုသနိုင်ခဲ့ပါသည်။ ထို့အတူ အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသခြင်း များကိုလည်း ဆက်လက်ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံမှ Plastic & Reconstructive Surgeon ဆရာဝန်ကြီး Prof. Dr. Mizuno Hiroshi နှင့် Dr. Ichikawa Yuichi တို့သည် ရန်ကုန်မြို့၊ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) တွင် (၁၅.၁၀.၂၀၁၉) ရက်နေ့မှ (၁၈.၁၀.၂၀၁၉) ရက်နေ့ထိ Micro Surgeon ခွဲစိတ်ကုသမှုများအား ပြုလုပ်ဆောင်ရွက် ခဲ့ပါသည်။

၂၀၂၀ခုနှစ် - ဇန္နဝါရီလ (၁၃) ရက်နေ့မှ (၁၅)ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် ဂျပန်နိုင်ငံမှ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr. Endoမှ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ လူနာ (၃)ဦးအား ခွဲစိတ်ကုသ ပေးခဲ့ပါသည်။ ထိုအတူ Professor Dr. Mikihiko Kogo (Oral and Maxillofacial Surgeon) နှင့် အဖွဲ့သည် ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ဇန္နဝါရီလ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိ သူနာပြုများအားနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအားပြုစုနည်းကို (၃)ရက်သင်တန်းပေး ခဲ့ပြီး ထိုသင်တန်းကို သူနာပြု (၆၀)ဦး တက်ရောက်ခဲ့ပါသည်။

- ဇန္နဝါရီလတွင် Japan Heart အဖွဲ့၏ စီမံကိန်းအသစ်တစ်ခုဖြစ်သော "Human Resource Development Project for Cleft Lip and Palate Center of Myanmar" အနေဖြင့် မြန်မာနိုင်ငံတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်များ၊ ခွဲစိတ်ကုဘာသာရပ် ဘွဲ့လွန်ရရှိထားသူများ စုစုပေါင်း (၂၅)ဦးတို့အား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်းအား Professor Dr. Mikihiko Kogo

မှသင်ကြား ပေးလျက်ရှိရာ “Comprehensive Treatment of Clift Lip and Palate” Online Lecture အား online မှတိုက်ရိုက်သင်ကြားပို့ချခြင်းကို တစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပါသည်။

- ဖေဖော်ဝါရီလ (၂) ရက်နေ့မှ (၆) ရက်နေ့အထိ ဂျပန်နိုင်ငံ Kyushu University ဆေးရုံကြီးမှ ဥက္ကဋ္ဌဖြစ်သူ ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး Professor Dr. Tomoaki Taguchi နှင့် ဆရာဝန်ကြီးများပါဝင်သောအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ကလေး ဆေးရုံကြီးတွင် မြန်မာဆရာဝန်ကြီးများ နှင့်အတူ ပူးပေါင်း၍ အသည်းနှင့်သည်းခြေ လမ်းကြောင်းဆိုင်ရာ ကလေးလူနာ (၇) ဦးအား ခွဲစိတ်ကုသမှု များကို ပြုလုပ်ခဲ့ပါသည်။

- ဖေဖော်ဝါရီလ(၁၀)ရက်နေ့နှင့် (၁၁)ရက်နေ့ တို့တွင် ဂျပန် နိုင်ငံမှ အထွေထွေ ကလေး ခွဲစိတ်အထူးကုဆရာဝန်ကြီး Professor Dr. Koji Aoyama နှင့် အဖွဲ့ဝင် (၅)ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ကလေး ဆေးရုံကြီးတွင် ကလေး လူနာ(၄)ဦးအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝါးချက်ဇီဝိတဒါန သံဃာ့ ဆေးရုံတွင် (၁၇)ကြိမ်မြောက် ကုသမှုအား မြန်မာဆရာဝန်ကြီးများနှင့် အတူပူးပေါင်း၍ ဖေဖော်ဝါရီလ(၁၂)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကလေးလူနာ (၁၆)ဦးအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိခုတင်(၅၅၀)ဆံ့ မန္တလေးကလေးဆေးရုံတွင် ဖေဖော်ဝါရီလ (၁၄)ရက် နေ့တွင် ကလေးလူနာ(၃)ဦးအားလည်းကောင်း ခွဲစိတ်ကုသပေးခဲ့ပါသည်။

- ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် Japan Heart အဖွဲ့သည် မြန်မာနိုင်ငံတွင်း Covid-19 ရောဂါကာကွယ်၊ ထိမ်းချုပ်၊ ကုသရေးတွင် တထောင့်တနေရာမှ ပါဝင်အားဖြည့် ပံ့ပိုး ကူညီသည့်အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လက်သန့်ဆေးရည် ဗူးပေါင်း (၄၈၅)ဗူးကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

- ဖေဖော်ဝါရီလတွင် ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Hideto YOSHIOKA သည် စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် မြန်မာဆရာဝန်များ နှင့်အတူ ပူးပေါင်း၍ ကလေးခွဲစိတ်ကုသမှု များကို ထိုဆေးရုံတွင် ဇန္နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လ များတွင် လုပ်အားဒါနပြုခဲ့ပါသည်။ ထို့အတူ Japan Heart အဖွဲ့မှ မြန်မာဆရာဝန်များ ဦးဆောင်၍ ဒေသခံတို့လူနာများအား ပြင်ပလူနာ ကြည့်ရှုကုသခြင်းကို ဆောင်ရွက်လျက် ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ရေဝေရွာတွင်

၂၀၂၀ခုနှစ် ဇန္နဝါရီလ (၂၉)ရက်နေ့တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ထီးဆောင်းဒေသတွင် ဖေဖော်ဝါရီလ (၂)ရက်နေ့၊ မတ်လ (၂)ရက်နေ့မှ (၄)ရက်နေ့အထိနှင့် (၂၆)ရက်နေ့မှ (၂၇)ရက်နေ့အထိ၊ သြဂုတ်လ (၁၀)ရက်နေ့မှ (၁၄)ရက်နေ့အထိ၊ သြဂုတ်လ (၃၀)ရက်နေ့မှ စက်တင်ဘာလ (၂)ရက်နေ့ အထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့တွင် ဖေဖော်ဝါရီလ (၁၉)ရက်နေ့မှ (၂၁)ရက်နေ့အထိ လည်းကောင်း ပြင်ပလူနာများအား ကြည့်ရှုကုသခြင်းများကို ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

- ဖေဖော်ဝါရီ (၁)ရက်နေ့မှ ဧပြီလ (၉)ရက်နေ့အထိ မျက်မမြင်များအတွက် online မှတဆင့် အနှိပ်နည်းပညာရပ်ဆိုင်ရာ Advance Course သင်တန်းကို သင်ကြားပို့ချပေးခဲ့ပါ သည်။ ထို့အတူ Seminar for the Blind ဆွေးနွေးပွဲများကို online မှတဆင့် အခါအားလျော်စွာ ကျင်းပလျှက်ရှိရာ အာဟာရအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် သြဂုတ်လ (၂၇)ရက်နေ့ တွင် ဂျပန်နိုင်ငံမှ အာဟာရပညာရှင် Ms. Satou Noriko ဦးဆောင်၍ အနှိပ်ပညာရှင် (၁၅)ဦး တို့မှ၄င်း၊ အနှိပ်ဆိုင်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်သည့် ဗဟုသုတများကို အောက်တိုဘာလ (၁၂)ရက်နေ့နှင့် (၂၉)ရက်နေ့များတွင် မျက်မမြင်သင်တန်းဆရာများနှင့် ကျွမ်းကျင်စေတနာ့ ဝန်ထမ်းပညာရှင် (၂၀)ဦးတို့မှ၄င်း၊ Disability Right Law in Myanmar ခေါင်းစဉ်ဖြင့် အနှိပ် ပညာရှင်များ နှင့်ဆိုင်သော ဥပဒေရေးရာများကို နိုဝင်ဘာလ (၁၉)ရက်နေ့တွင် မျက်မမြင် သင်တန်း ဆရာများနှင့် ကျွမ်းကျင်စေတနာ့ ဝန်ထမ်းပညာရှင် (၂၃)ဦးတို့မှ၄င်း တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

- ဇူလိုင်လ(၁၇)ရက်နေ့၊ စက်တင်ဘာလ (၁၁)ရက်နေ့နှင့် ဒီဇင်ဘာလ (၂၅)ရက်နေ့ များတွင် Japan Heart အဖွဲ့၏ စီမံကိန်းအသစ်တစ်ခုဖြစ်သော "Human Resource Development Project for Cleft Lip and Palate Center of Myanmar" အနေဖြင့် မြန်မာနိုင်ငံတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်များ၊ ခွဲစိတ်ကုဘာသာရပ် ဘွဲ့လွန်ရရှိထားသူများ စုစုပေါင်း (၂၅)ဦးတို့အား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်းအား Professor Dr. Mikihiko Kogo မှ

သင်ကြားပေးလျက်ရှိရာ “Comprehensive Treatment of Clift Lip and Palate” Online Lecture အားOnline မှ တိုက်ရိုက်သင်ကြား ပို့ချခြင်းကို ပြုလုပ်ခဲ့ပါသည်။

- စက်တင်ဘာလ (၁၈)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးသို့ ကျန်းမာရေးစောင့်ရှောက် ပေးနေသူများအတွက် N-95 Mask များကို ဆေးရုံအုပ်ကြီးမှတဆင့် သွားရောက် လှူဒါန်းခဲ့ပါသည်။ ထို့အပြင် ဒဂုံမြို့သစ်တောင်ပိုင်း၊ အောင်မြင့်မိုရ်အိမ်ရာရှိ Covid-19 ရောဂါကုသရေးဌာနတွင် တက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သော စောင်၊ခြင်ထောင်၊ ခေါင်းအုံး၊ အိမ်ယာခင်း အစရှိသော ပစ္စည်းများကို ၂၀၂၀ခုနှစ် ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒေါက်တာခင်မောင် (ညွှန်ကြားရေးမှူး၊ သွား/ကျန်းမာ) မှတစ်ဆင့် သွားရောက် လှူဒါန်းခဲ့ပါသည်။

- အောက်တိုဘာလ (၂၀)ရက်နေ့တွင် Japan Heart အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် (၃)နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာအား တတိယအကြိမ် လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။

- အောက်တိုဘာလ (၂၇)ရက်နေ့တွင် Japan Heart အဖွဲ့သည် ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် (၃)နှစ်သက်တမ်းရှိ နားလည်မှု စာချွန်လွှာ အား တတိယအကြိမ် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

- အောက်တိုဘာလ (၂၈)ရက်နေ့နှင့် နိုဝင်ဘာလ(၂၆)ရက်နေ့များတွင် Covid-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗဟန်း မြို့နယ်တွင်းရှိ စတုဘုမ္မိကမဟာသတိပဌာန် စာသင်တိုက်နှင့် မြောက်ဥက္ကလာပ မြို့နယ်တွင်းရှိ ပညာလင်္ကာရမဏ္ဍိုင် ကျောင်းတိုက်များသို့ သံဃာတော်များ ကျန်းမာရေး အတွက် လိုအပ်သောဆေးဝါး၊ ဆေးပစ္စည်းများကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

- ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိခုတင်(၃၀၀)ဆံ့ သင်ကြားရေး ဆေးရုံကြီးတွင် PPE ဝတ်စုံများ၊ Surgical Gown များ၊ N-95 Mask များကို သွားရောက်လှူဒါန်းခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်ရှိ နာဂစ်မုန်တိုင်းသင့်မိသားစုများမှကလေး (၃၀)ဦးအားကြည့်ရှု စောင့်ရှောက်လျက်ရှိရာ ပညာရေးနှင့်ပတ်သက်ပြီး ကျောင်းပညာရေး တွင်အားနည်းသော (၁၅)နှစ်နှင့်အထက် ကလေးများအတွက် သက်မွေးပညာ သင်တန်းများအပ်နှံပေးခြင်းနှင့် သင်တန်းကြေးများထောက်ပံ့ပေးခဲ့ပါသည်။ အဝေးသင်နှင့် နေ့ကျောင်း တက္ကသိုလ်တက်သော ကျောင်းသားများအား ပညာသင်စရိတ် ထောက်ပံ့ ပေးခဲ့ပါသည်။ အခြေခံပညာ ကျောင်းနေအရွယ်ကလေးများအား ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများပံ့ပိုးပေးခြင်း၊ ကျူရှင်လခများပံ့ပိုးပေးခြင်း၊ ကျောင်းနှင့်ဝေးသော ကလေးများအတွက် စက်ဘီးစီစဉ်ပေးခြင်း၊ ကျောင်းများသို့သွားရောက်ပြီးဆရာ၊ ဆရာမများအားကလေးများ၏ ပညာရေးအခြေအနေ မေးမြန်းခြင်း၊ ကျောင်းသားများအား အတန်းတင်စာမေးပွဲ အဆင်ပြေစွာဖြေဆိုနိုင်ရန် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲများတွင်ဆုရသော ကလေးများအား ဆုပေးခြင်းများ လုပ်ဆောင်ပေးခဲ့ပါသည်။ ကျောင်းပိတ်ထားသောကာလတွင် ကျောင်းပြင်ပ အခြားဗဟုသုတများလေ့လာရန် အင်တာနက်အသုံးပြု သင်ကြားနိုင်ရန် ပံ့ပိုးပေးခြင်း၊ computer နှင့် အင်္ဂလိပ်စာသင်တန်း ပို့ချခြင်းများ ပြုလုပ်ခဲ့ပါသည်။ မိဘအုပ်ထိန်းသူများအား ကလေးများ ပညာရေးနှင့် လူမှုရေး တိုးတက်စေရန် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပါသည်။ ထို့အတူ ကလေးများ၏ ကျန်းမာရေး စရိတ်များကိုလည်း လစဉ်ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။

- ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်ရှိ အိပ်မက်လှရထားလေးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင်လည်း ကလေး(၁၂၀)ဦးအား စောင့်ရှောက်ပေးလျှက်ရှိရာ ၎င်းတို့၏ နေ့စဉ်စားဝတ်နေရေး၊ ကျောင်းပညာသင်စရိတ်များ ထောက်ပံ့ပေးခြင်း၊ ထိုဂေဟာတွင် နေထိုင်သောကလေးများ၏ ကျောင်းစာပြင်ပ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားခြင်း၊ အင်္ဂလိပ်စာနှင့် ဂျပန်စာသင်ကြားပေးခြင်း၊ computer သင်တန်းများတက်ရောက်စေခြင်း၊ ဂျပန်ဘာသာစကားပြောပြိုင်ပွဲကို onlineဖြင့် ပါဝင်ဆင်နွဲစေခြင်း၊ ကျောင်းစာပြင်ပပညာပေး ဆွေးနွေးပွဲများကို အင်တာနက်မှတစ်ဆင့်

လေ့လာစေခြင်း၊ ထို့အတူ ကျိုင်းတုံမြို့နယ်တွင်းရှိရွာများမှ ဂေဟာတွင် ကြည့်ရှုစောင့်ရှောက်ထားသောကလေးများ၏ မိဘအုပ်ထိန်းသူများ ထံသွားရောက်၍ ကလေးများ၏ အခြေအနေများအား ပြောပြခြင်းများပြုလုပ်ခဲ့ပါသည်။ ဂေဟာတွင် (၂၄)နာရီ မီးရှိစေရန် ဆိုလာပြားများတပ်ဆင်ပေးခြင်း၊ ရေသန့်စက်များ တပ်ဆင်ပေးခြင်း၊ ခြံစည်းရိုးများ ပြုပြင်ခြင်း၊ စာကြည့်တိုက်အားအဆင့်မြှင့်တင်ခြင်း၊ အမိုးများပြုပြင်ခြင်း၊ ဘုရားဆောင်များ ပြုပြင်ခြင်း၊ အင်တာနက်လိုင်းသစ် တပ်ဆင် ပေးခြင်းများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် ဂေဟာရှိကလေးများအား စိုက်ပျိုးရေးအတွေ့အကြုံ များရရှိစေရန်၊ မိမိတို့ဘာသာလုပ်အားစိုက်ထုတ်ပြီး စားသောက်ရေးတွင် စီမံတတ်စေရန်နှင့် ထိုစားသောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ရရှိစေရန် ရည်ရွယ်၍ ဂေဟာရှေ့တွင်မြေငှားရမ်းပြီး ဓါတ်မြေဩဇာမပါသော စားပင်များအား ကလေးများကိုယ်တိုင်စိုက်ပျိုးစေပြီး စီမံဆောင်ရွက်၍ စားသုံးစေခဲ့ပါသည်။ ဆေးကုသမှုနှင့်ပတ်သက်သော နည်းပညာသစ်များအား ဖြန့်ဝေသွားနိုင်ရန်၊ ကလေးများနှင့် လူကြီးများ၏ ကျန်းမာရေးကောင်းမွန်သော ဘဝများပိုမိုရရှိလာစေရန်၊ မြန်မာနိုင်ငံတွင်းရှိ လူနာများအား ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု များပေးနိုင်ရန်၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ လမ်းညွှန်ခွင့်ပြုချက်တို့ဖြင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၁ခုနှစ် - ၂၀၂၁ခုနှစ်၊ ဇန္နဝါရီလတွင် လူနာ (၂၉) ဦး၊ ဖေဖော်ဝါရီလတွင် လူနာ (၂၀) ဦး၊ မတ်လတွင် လူနာ (၃၈) ဦး၊ ဧပြီလတွင် လူနာ (၉၂) ဦး၊ မေလတွင် လူနာ (၁၅၈) ဦး၊ ဇွန်လတွင် လူနာ (၂၃၀) ဦး၊ ဇူလိုင်လတွင် လူနာ (၄၅) ဦး၊ ဩဂုတ်လတွင် လူနာ (၆၉) ဦး၊ စက်တင်ဘာလတွင် လူနာ (၁၄၆) ဦး၊ အောက်တိုဘာလတွင် လူနာ (၁၈၀)ဦး ကို စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝါးချက်ဗီဇိတ ဒါနသံဃာ့ဆေးရုံတွင် မြန်မာဆရာဝန်ကြီးများမှ ပြင်ပလူနာကြည့်ရှုကုသ ခြင်းများကို Covid-19 ကပ်ရောဂါကာလ ကုသရေးလမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခဲ့ ပါသည်။

၂၀၂၁ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ Japan Heart အဖွဲ့မှ မြန်မာဆရာဝန်များ ဦးဆောင်၍ ဒေသခံတို့လူနာများအား ပြင်ပလူနာ ကြည့်ရှုကုသခြင်းကို လစဉ်ဆောင်ရွက် လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူ မြို့နယ်၊ ထီးဆောင်းဒေသရှိ ထီးဆောင်းစက္ကူပါလ အထွေထွေရောဂါနှင့် မျက်စိရောဂါကု ဆေးရုံတော်ကြီးတွင်

ပြင်ပလူနာနှင့် ကလေးလူနာ စုစုပေါင်း (၂၂၃၅)ဦး အား ကြည့်ရှုကုသပေးခဲ့ပါသည်။ ထို့အတူ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ ရွာငံစက္ကူပါလ မျက်စိဆေးရုံတော်ကြီးတွင် ပြင်ပလူနာနှင့် ကလေးလူနာ စုစုပေါင်း (၇၂၁)ဦးအား ကြည့်ရှုကုသပေးခဲ့ပါသည်။

၂၀၂၂ခုနှစ် - ၂၀၂၂ခုနှစ်၊ ဇန္နဝါရီလမှဒီဇင်ဘာလအထိ Japan Heart အဖွဲ့မှ မြန်မာဆရာဝန်များ ဦးဆောင်၍ ဒေသခံတို့လူနာများအား ပြင်ပလူနာကြည့်ရှုကုသခြင်းကို လစဉ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းဒေသရှိ ထီးဆောင်းစက္ကူပါလ အထွေထွေရောဂါနှင့် မျက်စိရောဂါကုဆေးရုံတော်ကြီးတွင် ဇန္နဝါရီလမှ ဒီဇင်ဘာလအထိ ပြင်ပလူနာနှင့် ကလေးလူနာ စုစုပေါင်း(၁၆၀၆)ဦးအား ကြည့်ရှုကုသပေးခဲ့ပါသည်။ ထို့အတူ ရှမ်းပြည်နယ် တောင်ပိုင်း၊ ရွာငံမြို့နယ်၊ ရွာငံစက္ကူပါလ မျက်စိဆေးရုံတော်ကြီးတွင် ပြင်ပလူနာကြည့်ရှုကုသခြင်းများအား လစဉ်ဆောင်ရွက်လျှက်ရှိရာ ပြင်ပလူနာနှင့် ကလေးလူနာစုစုပေါင်း (၆၇၅)ဦး အား ကြည့်ရှုကုသပေးခဲ့ပါသည်။

Covid-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တွင်းရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန် စာသင်တိုက်နှင့် မြောက်ဥက္ကလာပ မြို့နယ်တွင်းရှိ ပညာလင်္ကာရမဏ္ဍိုင် ကျောင်းတိုက်များသို့ အခါအားလျော်စွာ သံဃာတော်များ ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါး၊ ဆေးပစ္စည်းများကို သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

- ဇွန်လ(၁၂)ရက်နေ့မှစတင်၍ မျက်မမြင်အကြောပြင်အနှိပ် တစ်နှစ်သင်တန်းကို ပြန်လည်ဖွင့်လှစ် သင်ကြားပေးနေပြီး သင်တန်းသား/ သင်တန်းသူမှာ (၁၆)ဦး ဖြစ်ပါသည်။ Online မှတဆင့် ဂျပန်နိုင်ငံမှအနှိပ်ပညာရှင်များ ဖိတ်ကြားပြီး အနှိပ်နည်းပညာများ နှီးနှော ဖလှယ်ဆွေးနွေးခြင်း၊ အဆင့်မြင့်ဆေးပညာရပ်ဆိုင်ရာ အနှိပ်ပညာသင်ကြားခြင်း များကို အခါ အားလျှော်စွာပြုလုပ်ပေးခဲ့ပါသည်။
- ၂၀၂၂ခုနှစ်တွင်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံတွင် မြန်မာဆရာဝန် ကြီးများမှ ပြင်ပလူနာကြည့်ရှုကုသခြင်းများကို Covid-19 ကပ်ရောဂါကာလ ကုသရေး လမ်းညွှန်မှုများနှင့် အညီဆောင်ရွက်ခဲ့ရာ ဇန္နဝါရီလတွင် လူနာ(၁၉၇)ဦး၊ ဖေဖော်ဝါရီလတွင် လူနာ(၂၁၅)ဦး၊ မတ်လတွင် လူနာ(၂၃၉)ဦး၊ ဧပြီလတွင် လူနာ(၁၈၄)ဦး၊ မေလတွင် လူနာ (၂၅၇)ဦး၊ ဇွန်လတွင် လူနာ(၃၄၈)ဦး၊ ဇူလိုင်လတွင် လူနာ(၅၀၈)ဦး၊ ဩဂုတ်လတွင် လူနာ (၄၅၀)ဦး၊ စက်တင်ဘာလတွင်

လူနာ(၅၀၃)ဦး၊ အောက်တိုဘာလတွင် လူနာ(၄၄၄)ဦး၊ နိုဝင်ဘာလတွင် လူနာ(၄၉၂)ဦးနှင့် ဒီဇင်ဘာလတွင် လူနာ(၅၄၆)ဦး ကြည့်ရှု ကုသပေးခဲ့ ပါသည်။

- ဇူလိုင်လတွင် Japan Heart အဖွဲ့၏ စီမံကိန်းအသစ်တစ်ခုဖြစ်သော "Human Resource Development Project for Cleft Lip and Palate Center of Myanmar" စီမံကိန်းနှင့်ပတ်သက်၍ Japan Heart အဖွဲ့မှ Project Director သည် ထိုစီမံချက် နှင့် ပတ်သက်သော လုပ်ငန်းစဉ်များအား နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေး ဦးစီဌာနတွင် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သွားရောက်တွေ့ဆုံ၊ ဆွေးနွေး ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်းရှိ သွားနှင့်ခံတွင်းခွဲစိတ်အထူးကုဆရာဝန်များအား စာတွေ့၊ လက်တွေ့သင်တန်းပို့ချရန် “Comprehensive Treatment of Cleft Lip and Palate in Myanmar" သင်ရိုးညွှန်းတမ်းစာအုပ်များအား ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

- စက်တင်ဘာလ (၁၂)ရက်နေ့မှ (၁၄)ရက်နေ့အထိ မြန်မာနိုင်ငံတွင်းရှိ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ သွားနှင့်ခံတွင်းအထူးကု ဆရာဝန်များ၊ ခွဲစိတ်ကုဘာသာရပ် ဘွဲ့လွန် ရရှိထားသူများ စုစုပေါင်း (၁၃)ဦးတို့အား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်း သင်တန်း ပို့ချခြင်းအား ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန်ကြီး Dr. Naoko Kishi မှ နေပြည်တော်ရှိ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးတွင် လာရောက် သင်ကြားပေးခဲ့ပါသည်။

- အောက်တိုဘာလ (၂၄)ရက်နေ့မှ (၃၀)ရက်နေ့အထိ မြန်မာနိုင်ငံမှဆရာဝန်ကြီးများ နှင့်အတူ ပူးပေါင်း၍ ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန်ကြီး Dr. Naoko Kishi မှ လူနာများအား ခွဲစိတ်ကုသခြင်း လက်တွေ့သင်တန်း ကိုလည်းကျင်းပခဲ့ရာ နေပြည်တော်ရှိ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးတွင် ကလေးလူနာ (၄) ဦးအား ခွဲစိတ်ကုသ ပေးခဲ့ပြီး ထိုသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန် (၁၃) ဦး ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

နေပြည်တော်ရှိ သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးတွင် (၂၄)နာရီကာလပတ်လုံး မီးရရှိစေရန် ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှပေးအပ်ထားသော မီးစက်အား ခွဲစိတ်ခန်းမနှင့် ပြင်ပလူနာ ကြည့်ခန်းများအား မီးလိုင်းများသွယ်တန်းချိတ်ဆက်ခြင်း

လုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို Japan Heartအဖွဲ့မှ ပံ့ပိုးလှူဒါန်းပေးခဲ့ပါသည်။

- ဖေဖော်ဝါရီလ (၇)ရက်နေ့မှ (၉)ရက်နေ့အထိ မြန်မာနိုင်ငံမှဆရာဝန်ကြီးများ နှင့်အတူ ပူးပေါင်း၍ ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန်ကြီး Dr. Naoko Kishi မှ လူနာများအား ခွဲစိတ်ကုသခြင်း လက်တွေ့သင်တန်း ကိုလည်းကျင်းပခဲ့ရာ နေပြည်တော်ရှိ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးတွင် ကလေးလူနာ (၆) ဦးအား ခွဲစိတ်ကုသပေးခဲ့ပြီး ထိုသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန် (၇) ဦး ပါဝင်ဆောင်ရွက်ခဲ့ပါသည်။
- မတ်လ (၃)ရက်နေ့မှ (၅)ရက်နေ့တွင် Pre-Conference အကြိုဖြင့် မြန်မာဆရာဝန်ကြီးများနှင့်အတူပူးပေါင်း၍ ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန်ကြီး Dr. Naoko Kishiမှ နေပြည်တော် ကုတင် (၁၀၀၀) တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာများအား ခွဲစိတ်ကုသပေးခဲ့ပြီး၊ မတ်လ (၁၀) မှ (၁၁) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပသည့် Myanamar Health Science Conference တွင် "Comprehensive treatment for Cleft lip and Palate" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခြင်းဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။
- ဧပြီလ (၂၅)ရက်နေ့မှ (၂၇)ရက်နေ့အထိ မြန်မာနိုင်ငံမှဆရာဝန်ကြီးများ နှင့်အတူ ပူးပေါင်း၍ ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ် အထူးကုဆရာဝန်ကြီး Dr. Naoko Kishi မှ လူနာများအား ခွဲစိတ်ကုသခြင်း လက်တွေ့သင်တန်း ကိုလည်းကျင်းပခဲ့ရာ နေပြည်တော်ရှိ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးတွင် ကလေးလူနာ (၆) ဦးအား ခွဲစိတ်ကုသပေးခဲ့ပါသည်။
- ဇွန်လ(၅)ရက်နေ့မှ (၇)ရက်နေ့အထိ ရန်ကုန်ကလေးဆေးရုံကြီးတွင် Japan Heart အဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံမှ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး Fukuoka College of Health Sciences ၏ ဥက္ကဋ္ဌဖြစ်ပြီး Kyushu University ၏ ဂုဏ်ထူးဆောင် Professor ဖြစ်သူ Professor Dr. Tomoaki Taguchi နှင့်အဖွဲ့ဝင် (၁) ဦးတို့သည် ရန်ကုန်ကလေးဆေးရုံကြီးရှိ ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့်အတူ ခွဲစိတ်ကုသမှုများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။
- ဇွန်လ (၂၀)ရက်နေ့မှ (၂၂)ရက်နေ့အထိ မြန်မာနိုင်ငံမှဆရာဝန်ကြီးများနှင့်အတူ ပူးပေါင်း၍ ဂျပန်နိုင်ငံမှ သွားနှင့်ခံတွင်းခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Naoko Kishi မှ

လူနာများအား ခွဲစိတ်ကုသခြင်းနှင့် လက်တွေ့သင်ကြားပို့ချမှုများကို နေပြည်တော်ရှိ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးတွင် ကလေးလူနာ (၆) ဦးအား ခွဲစိတ်ကုသပေးခဲ့ပါသည်။

## Home page and contact addresses

**Japan Heart (Tokyo)**

International Medical Volunteers **Japan Heart**

1510 Building 3 Fl, 1-5-10 kotobuki,

Taito-ku, Tokyo, Japan

Postal Code: 111-0042

URL: http://www.japanheart.org/

**Japan Heart (Yangon)**

No. (46) Wirless Lane (2), (9) Quarter,

Kabaraye Pagoda Road,

Mayangone Township, Yangon

Tel & Fax: +95-1-658259

Mobile: +959-5068630

**Japan Heart (Sagaing)**

The Wachet Jivitadana Sangha Hospital,

Sagaing Hills, Sagaing Region

Mobile: +959-5068841